ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Antonio Guterres ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

Thu, 07/12/2012 14:15

နိုင်ငံတော်သမ္မတ

အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ မိဘပြည်သူများသို့ မေတ္တာရပ်ခံ ပန်ကြားချက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် ဦးဆောင်သည့် စီးပွားရေးခေါင်းဆောင်များ အဖွဲ့အား လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့် ရေဒီယိုမိန့်ခွန်း

ဒုတိယသမ္မတ (၁)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စတုတ္ထအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားနေ့ ညစာစားပွဲတက်ရောက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတ နိုင်ငံမှ ပြန်လည်ရောက်ရှိ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မွမ်ဘိုင်းမြို့တွင်း ကြည့်ရှုလေ့လာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့သို့ ရောက်ရှိ

ဒုတိယသမ္မတ (၂)

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ စွမ်းအင်ဆိုင်ရာ အကြံပေးအဖွဲ့အား လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်အဖွဲ့ အယုဒ္ဓယမြို့ စက်မှုဇုန်၌ ကြည့်ရှုလေ့လာ

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နေပြည်တော်သို့ ရောက်ရှိနေသော ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Antonio Guterres ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် (၁၁) နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကချင်ပြည်နယ်ရှိ စစ်ဘေးသင့်ပြည်သူများ အရေးကိစ္စ၊ ကရင်ပြည်နယ်ရှိ ရွှေ့ပြောင်းပြည်သူများ မိမိဆန္ဒအလျောက် ပြန်လာရေးကိစ္စနှင့် ရခိုင်ပြည်နယ် အရေးကိစ္စ တို့ကို ဆွေးနွေးခဲ့ကြသည်။ နိုင်ငံတော်သမ္မတကြီးက သမိုင်းကြောင်းအရ ဘင်္ဂါလီများ ဝင်ရောက်လာသည်မှာ (၁၉၄၈) ခုနှစ်၊ လွတ်လပ်ရေးမရမီ အင်္ဂလိပ်နယ်ချဲ့များက လယ်ယာ လုပ်ကိုင်ရန် ခေါ်သွင်းလာခြင်းဖြစ်ကြောင်း၊ ထိုစဉ်က အလုပ်အကိုင် ကောင်းမွန်သဖြင့် မပြန်တော့ဘဲ အခြေချနေထိုင်သူများလည်းရှိကြောင်း၊ မိမိတို့ ဥပဒေအရ (၁၉၄၈) ခုနှစ်မတိုင်မီ မြန်မာနိုင်ငံသို့ ရောက်ရှိသူ မိဘနှစ်ပါးက မွေးဖွားသူ တတိယမျိုးဆက် (Third Generation) မြေးအဆင့်ကိုသာ နိုင်ငံသားအဖြစ် လက်ခံမည်ဟူသော ဥပဒေရှိကြောင်း၊ ရခိုင်ပြည်နယ်ကို လေ့လာကြည့်လျှင် (၁၉၄၈) ခုနှစ် မတိုင်မီ ဘင်္ဂါလီများက မွေးဖွားလာသူများ၊ နောက်ပိုင်းတွင် ရိုဟင်ဂျာအမည်ခံ၍ ခိုးဝင်လာသူများ စသည်ဖြင့် ရှုပ်ထွေးလျက် ရှိကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုကိုပါ ခြိမ်းခြောက်လာကြောင်း၊ ဤကိစ္စကို ကိုင်တွယ်ရန် အလေးအနက်ထား စဉ်းစားလျက်ရှိပါကြောင်း၊ မိမိတိုင်းရင်းသားများကို တာဝန်ယူမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားမဟုတ်ဘဲ ခိုးဝင်လာသည့် ရိုဟင်ဂျာများကို လက်ခံရန် မည်သို့မျှ မဖြစ်နိုင်ကြောင်း၊ နောက်ဆုံးဖြေရှင်းသည့် နည်းလမ်းမှာ ခိုးဝင်လာသည့် ရိုဟင်ဂျာများကို UNHCR သို့ အပ်နှံပြီး ဒုက္ခသည်စခန်းအဖြစ် ထားရှိရန်ဖြစ်ကြောင်း၊ UNHCR က ကျွေးမွေးစောင့်ရှောက်ပေးရန် ဖြစ်ကြောင်း၊ တတိယနိုင်ငံက လက်ခံမည်ဆိုလျှင် ပို့ပေးမည် ဖြစ်ကြောင်း၊ ဤသည်မှာ ပြဿနာဖြေရှင်းနည်းကို စဉ်းစားနေခြင်းဖြစ်ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးအားလည်း ရခိုင်ပြည်နယ်ရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် တိုင်ပင်ညှိနှိုင်းလျက် ရှိပါကြောင်း ရှင်းလင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှု ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

Tweet 0 Like 1 0

ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်းသည် နှစ်နိုင်ငံပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးနိုင်

ဒုတိယသမ္မတ ဦးညွန့်လွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

ဒုတိယသမ္မတ ဦးညွန့်လွင် တတိယအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ အစည်းအဝေး တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

အခြားသတင်း

လူ့အခွင့်အရေးဆိုင်ရာအထူးအစီရင်ခံစာ တင်ပြရန်ကိစ္စနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မိုးရွာသီးသစ်ပင်စိုက်ပျိုး

နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ဖော်ပြပြီးသတင်းများ

February 2015 (7)

January 2015 (55)

December 2014 (48)

November 2014 (16)

October 2014 (45)

more »

သတင်းများ
နောက်ဆုံးရသတင်း
သဝဏ်လွှာများ
အမိန့်များ
အမိန့်ကြော်ငြာစာများ
ကြေညာချက်များ

အခန်းကဏ္ဍ
ပြည်သူ့ဝန်ဆောင်မှု
နိုင်ငံသားအခွင့်အရေး
ဘောဂဗေဒ
ပညာရေး
စွမ်းအင်

အုပ်ချုပ်ရေး
နိုင်ငံတော်သမ္မတ
ဒုတိယသမ္မတ (၁)
ဒုတိယသမ္မတ (၂)

အစိုးရအဖွဲ့
ပြည်ထောင်စုအစိုးရအဖွဲ့
တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများ
ဗဟိုရုံးများ

လွှတ်တော်ကဏ္ဍ
ပြည်ထောင်စုလွှတ်တော်
ပြည်သူ့လွှတ်တော်
အမျိုးသားလွှတ်တော်
ဥပဒေများ

မီဒီယာကဏ္ဍ
ဓါတ်ပုံ
ဗွီဒီယို
အသံဖိုင်
တိုက်ရိုက်ထုတ်လွှင့်မှု
စာအုပ်များ

အပတ်စဉ်သတင်း
မိန့်ခွန်းနှင့် မှတ်တမ်း
သတင်းစာရှင်းလင်းချက်
သတင်းထုတ်ပြန်ချက်

သဘာဝပတ်ဝန်းကျင်
ကျင့်ဝတ်
မိသားစု
နိုင်ငံခြားရေးရာ
ကျန်းမာရေး
အမျိုးသားလုံခြုံရေး
လူ့ဝင်မှုကြီးကြပ်ရေး
ကျေးလက်မြို့ပြ
ငြိမ်းချမ်းရေး
ရခိုင်ပြည်နယ်
တည်ငြိမ်အေးချမ်းရေး
လက်ပံတောင်းတောင်
ကြေးနီ စီမံကိန်း
သဘာဝဘေးအန္တရာယ်
အာဆီယံ
ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး
မန္တလေးပဋိပက္ခ
အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေး
နယ်စပ်ရေးရာ
မူးယစ်ဆေးဝါး
အစိုးရသစ်လက်ထက်လုပ်ဆောင်ချက်များ

ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများစာရင်း
ဝန်ကြီးဌာနအလိုက် ပြောခွင့်ရပုဂ္ဂိုလ်များစာရင်း
ဝန်ကြီးဌာနများ၏ Web Site များ

www.president-office.gov.mm
[illegible] official website of Myanmar President Office